# ၂၀၁၇ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ | ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။(က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ဆုတ်ခွက်စာများ၊ သဏ္ဌာန်ပြောင်းအက္ခရာများ၊ ဝိဘတ်၊ ပုဒ်အမျိုးအစား၊ စကားအထားအသို။

(ခ) အောက်ပါတို့မှလေးခုကိုရွေးချယ်၍အနက်အဓိပ္ပာယ်အရမည်သည့်နာမဝိသေသန ဖြစ်ကြောင်းဖော်ပြပါ။ (၄မှတ်)
ဝေးသော၊ ဤ၊ သုံးယောက်၊ ဒုတိယအကြိမ်၊ အားလုံး၊ မည်မျှ။

(ဂ) အောက်ပါတို့မှ သုံးခုကို ကြိယာဝိသေသနအဖြစ် ဝါကျတွင်သုံးပြပါ။ (၆မှတ်)
အလွန်၊ ထာဝစဉ်၊ ဒယိမ်းဒယိုင်၊ လှိုက်လှဲစွာ၊ ညီညီညာညာ။

၂။(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ရထည်း၊ မပြ့်၊ ပတ်ကုံး၊ သုရင်၊ တန်းချိတ်၊ ပမာဒလေခ၊ ကျိုးရာမှဲသီး၊သော်မှော်။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခုကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
နှောင်တ၊ စတေး၊ ကျိုးနွံ၊ ပယောဂ၊ ဝိုးတိုးဝါးတား၊ ပါရမီ၊ ရောင့်ရဲ၊ အခန့်သင့်။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သက်ဆိုင်ရာသင်ခန်းစာများတွင် မည်သို့ သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
မိုးလုံးအိသို့(ဥပမာ)၊ ရွှေချသလို(ဥပမာ)၊ လူ့ပေါက်ပန်း(ရူပက)၊ တာဝန်ဝါးခြမ်း(ရူပက)၊ ဂုဏ်နံ့ကင်း(ဝက်ဝုတ္တိ)၊ ဆန်တွင်းကနက်လွန်းလို့(ဝက်ဝုတ္တိ)၊ ဒေါင်ဒေါင်(မြည်သံစွဲ)၊ ပြာတောင်ကြီးပေါက်(အတိသယဝုတ္တိ)။

၃။(က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၅မှတ်)

(၁) ရွှေနှင့်ယိုးမှားပန်းစကားကဗျာသည် မည်သည့်ခေတ်ကဗျာဖြစ်သနည်း။
(၂) ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာကို မည်သူရေးဖွဲ့သနည်း။
(၃) အိုင်ချင်းကဗျာစတင်ပေါ်ပေါက်ခဲ့သောခေတ်ကို ဖော်ပြပါ။
(၄) အဲချင်းအရေးများသောဦးယာသည် မည်သည့်အမည်ဖြင့် ထင်ရှားသနည်း။
(၅) စာဆိုဦးကြင်ဥ၏ဇာတိကို ဖော်ပြပါ။
(၆) တောင်သူကြီးကဗျာကို မည်သူရေးဖွဲ့သနည်း။
(၇) စာဆိုနှောင်၏အမည်ရင်းကို ဖော်ပြပါ။
(၈) နှင်းကိုမြင်နိုက်ကဗျာကို မည်သည့်ခေတ်တွင် ရေးသနည်း။

(ခ) မြင်စိုင်းရွှေပြည်ကဗျာမှ မြင်စိုင်းရွှေပြည်၏သာယာတင့်တယ်ပုံကိုလေ့လာတင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

သင်သေသွားသော်ကဗျာတွင် စာဆိုကနိုင်ငံသားတစ်ဦး၏တာဝန်ကို မည်သို့ဖော်ညွှန်း ထားသနည်း။

[ တစ်မျက်သို့

၄။(က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မွန်ဝန်ကြီးဗညားဒလသည် မည်သည့်မင်းလက်ထက်တွင်အလွန်ထင်ရှားခဲ့သနည်း။
(၂) အမျိုးသားပညာဝန်ဦးဖိုးကျား တည်းဖြတ်ခဲ့သောပြဇာတ်တစ်ပုဒ်အမည်ကို ဖော်ပြပါ။
(၃) သိပ္ပံမောင်ဝ၏ဇာတိကို ဖော်ပြပါ။
(၄) အိမ်ရှေ့ကိုယ်တော်ကြီးစကားပြေကို မည်သည့်ခေတ်တွင်ရေးသားခဲ့သနည်း။
(၅) သူရိယကန္တိ စာပေဗိမာန်ဆုရရှိခဲ့သောစာအုပ်အမည်ကို ဖော်ပြပါ။
(၆) ဦးဖေမောင်တင်၏အမည်ရင်းကို ဖော်ပြပါ။
(၇) နေဝင်မြင်သည်ဝတ္ထုပြည်စကားပြေကို မည်သူရေးသနည်း။
(၈) မြန်မာမှုစကားပြေကို မည်သည့်စာအုပ်မှ ထုတ်နုတ်ထားသနည်း။

(ခ) ပညာသင်ခါမရှက်ရာစကားပြေတွင် ပညာသင်စဉ်ထားရှိရမည့်သဘောထားတို့ကို မည်သို့လမ်းညွှန်ထားသနည်း။ (၁၀မှတ်)

(သို့မဟုတ်)

ခွန်အားရှိသောစာမျိုးရေးတတ်စေရန် ရွှေဥဒေါင်း၏လမ်းညွှန်ချက်များကို လေ့လာတင်ပြပါ။

၅။(က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"ငွေထုပ်ချင်းတူ၊ လူရွယ်ချင်းမျှ၊ အလှချင်းနုတ်ဖက်၊ တိုင်း၍ရက်တဲ့၊ ပဏ္ဏလာ၊ မိုးရွာသည်နှင့်၊ အစနံ့သင့်၊ အခွင့်ဆီဆိုင်၊ အတိုင်အလှည့်၊ အစပ်ဖြင့်တည့်လှပေါ့၊ ဂျင်ပုံချင်းပေါက်ကြစို့"။

(ခ) ရေသည်မိန်းမ ပျော်ရွှင်စွာနေထိုင်ပြောဆိုတတ်ပုံ (သို့မဟုတ်) ဥဒယမင်းကြီးသည် ရေသည်ယောက်ျားအား ငွေလေးရွေးကိုသွားမယူအောင် အမျိုးမျိုးဖျောင်းဖျပုံကို ပေါ်လွင်အောင်ရေးပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခုကို ပေးထားသောပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) သတိတရား
သတိဟူသည်၊ ပြုမူပြောဆိုတွေးကြံမှုမှန်သမျှတွင်သတိရှိရန်လိုအပ်ပုံ၊ သတိနှင့်ပတ်သက်သောအဆိုအမိန့်များ၊ သတိရှိ၍အကျိုးခံစားရပုံစာတွေ့ကိုယ်တွေ့သာဓကများ၊ သတိ မထားမိ၍ အကျိုးယုတ်ပုံ၊ အမှတ်တရဖြစ်ရပ်တစ်ခု၊ မိမိအမြင်။

(ခ) ပညာရဲရင့်ပွဲလယ်တင့်
ပညာထက်မြက်ထူးချွန်သူသည်လူ့လောကအလယ်တွင်တင့်တယ်ထည်ဝါပုံ၊ ပညာသင်ချိန်တွင်ပညာကို ကြိုးကြိုးစားစားသင်ယူရမည်ဖြစ်ပုံ၊ပညာရှိခြင်း၏အကျိုးများ၊ပညာမဲ့ခြင်း၏အပြစ်များ၊ မိမိအမြင် ။

(ဂ) ကျွန်ုပ်၏စာဖတ်ဝါသနာ
ဝါသနာအမျိုးမျိုးရှိရာမိမိဝါသနာမှာစာဖတ်ဝါသနာဖြစ်ပုံ၊မိမိ၌စာဖတ်ဝါသနာအမြစ်တွယ်လာပုံ၊ စာမျိုးစုံဖတ်ခြင်းဖြင့်အသိအမြင်ဗဟုသုတတိုးပွားလာပုံ၊ စာဖတ်ဝါသနာ၏ကောင်းကျိုးသာဓကများ၊ စာဖတ်ဝါသနာမှမိမိရရှိသောအကျိုးကျေးဇူးများ၊မိမိအမြင်။